မည်သူမဆို ကုရ်ဗာနီအတွက်ဇဗဟ်ပြုလုပ်ရန် ရည်ရွယ်ထားသောသားကောင်ရှိခဲ့လျှင် ဇိလ်ဟိဂျ်လ

ဆန်းသည်နှင့်တစ်ပြိုင်နက် မိမိ၏ ဆံပင်မှလည်းကောင်း၊မိမိ၏ လက်သည်း ခြေသည်းမှလည်း ကောင်း မည်သည့်အရာကိုမျှကုရ်ဗာနီ မပြုလုပ်မီအထိ မဖြတ်တောက်ရ။

"နဗီတမန်တော်မြတ်၏ ဇနီးကြင်ယာတော် မုအ်မင်န်တို့၏ မိခင်ကြီး အွမ္မုစလမဟ် (ရဿွိယလ္လာဟုအန်ဟာ)ကဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)
မိန့်ကြားတော်မူသည်။ "မည်သူမဆို ကုရ်ဗာနီအတွက်ဇဗဟ်ပြုလုပ်ရန် ရည်ရွယ်ထားသော
သားကောင်ရှိခဲ့လျှင် ဇိလ်ဟိဂျ်လ ဆန်းသည်နှင့်တစ်ပြိုင်နက် မိမိ၏
ဆံပင်မှလည်းကောင်း၊ မိမိ၏ လက်သည်း ခြေသည်းမှလည်း ကောင်း မည်သည့်အရာကိုမျှ
ကုရ်ဗာနီ မပြုလုပ်မီအထိ မဖြတ်တောက်ရ။" [صحيح] [رواه مسلم]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)က ကုရ်ဗာနီပြုလုပ်ရန် ရည်ရွယ်ထားသူအားဇိလ်ဟဂျ်လဆန်းပြီးချိန်မှစ၍ ကုရ်ဗာနီမပြုလုပ်မီအထိ မိမိ၏ဆံပင်၊ ခေါင်းမွေး၊ချိုင်းမွေး၊ နှုတ်ခမ်းမွေး စသည်နှင့် လက်သည်းခြေသည်းတို့ကို မညှပ်ရန်အမိန့်ပေးတော်မူခဲ့သည်။

https://sunnah.global/hadeeth/my/show/8954